# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 31, 2020 Volume 34, Number 20


၃၁.၈.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၀/- ကျပ် |
| CBM Rate | = ၁၃၃၁.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၈.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၃.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၅၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၀.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၇၃၇ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နယ်စပ်မှ သစ်သီးဝလံနှင့်အေးခဲရေထွက်ကုန်တင်ပို့လိုသည့် ကုမ္ပဏီစာရင်းများကို တရုတ်အစိုးရကောက်ယူ

မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် သစ်သီးဝလံများနှင့် အေးခဲရေထွက်ကုန်များတင်ပို့လိုသည့် ကုမ္ပဏီများစာရင်းကို တရုတ်အစိုးရက ကောက်ယူစုဆောင်းနေသည်။ မြန်မာနိုင်ငံမှ ပုံမှန်ကုန်သွယ်ရေးဖြင့် ခွင့်ပြုထားသော မင်းကွတ်သီး၊ တောကြက်မောက်သီး၊ ကြက်မောက်သီး၊ လိုင်ချီးသီး၊ သရက်သီး၊ ဖရဲသီး၊ သခွားမွေး၊ ကုလားဆီးသီးစသော သစ်သီးရှစ်မျိုးနှင့် အေးခဲပြောင်းဖူးချို၊ အေးခဲရေထွက်ကုန်များကို တင်ပို့လိုသည့် ကုမ္ပဏီများစာရင်းကိုအသိပေးရန် ဩဂုတ် ၈ ရက်တွင် တရုတ်အစိုးရက ဘေဂျင်းမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် စီးပွားကူးသန်းဝန်ကြီးဌာနသို့ စာပေးပို့ခဲ့သည်။ တရုတ်ကုမ္ပဏီများက မြန်မာနိုင်ငံမှ သစ်သီးတင်သွင်းခြင်းကို ကုမ္ပဏီအချင်းချင်းညှိနှိုင်းဆောင်ရွက်ရန် ကမ်းလှမ်းမှုများရှိနေကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။

မြန်မာနိုင်ငံမှ ဖရဲ၊ သခွားမွေး အပါအဝင် သစ်သီးဝလံများကို လက်ရှိတွင် တရုတ်နိုင်ငံသို့ ပုံမှန်ပို့ဆောင်နေခြင်းဖြစ်သည်။ စိုက်ခင်းများမှ သစ်သီးများကို ကုန်တင်ယာဉ်များဖြင့်သယ်ဆောင်ကာ နယ်စပ်ရှိသစ်သီးကုမ္ပဏီများက အခွန်ပေးဆောင်ပြီးနောက် တရုတ်နိုင်ငံအတွင်း သွားရောက်ရောင်းချရသည့်စနစ်ဖြစ်ကြောင်း ဦးစိုင်းခင်မောင်က ပြောသည်။ ထိုသို့ရောင်းချရာတွင် တရုတ်အစိုးရက မြန်မာနိုင်ငံမှသစ်သီးများကို အချိန်ကြာမြင့်စွာ စစ်ဆေးမှုများပြုလုပ်ခြင်း၊ စာရင်းဇယားများ ဖြည့်သွင်းရခြင်းတို့ကြောင့် အချိန်ကြာမြင့်မှု အခက်အခဲအချို့ကြုံရသည်ဟု ၎င်းကဆိုသည်။ ၂၀၁၇ အောက်တိုဘာ ၁၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Administration of Quality Supervision, Inspec-tion and Quarantine (AQSIQ) အဖွဲ့က မြန်မာနိုင်ငံအား မင်းဂွတ်သီး၊ တောကြက်မောက်သီး၊ ကြက်မောက်သီး၊ လိုင်ချီးသီးစသည်တို့အား ပင်လယ်ရေကြောင်းနှင့် နယ်စပ်နှစ်မျိုးစလုံးမှ စတင်တင်သွင်းခွင့်ပြုခဲ့သည်။ သရက်သီး၊ ဖရဲသီး၊ သခွားမွေး၊ ကုလားဆီးသီးများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် မူဆယ်-ရွှေလီနှင့် မိုင်းလား-တာလော့ ဂိတ်ပေါက်နှစ်ခုမှလည်းကောင်း တရားဝင်တင်ပို့နိုင်ကြောင်း ထုတ်ပြန်ထားသည်။

ထို့နောက် အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့နှင့်မြန်မာအစိုးရတာဝန်ရှိသူများ ချိတ်ဆက်ဆွေးနွေးညှိနှိုင်းပြီး ၂၀၁၉ အောက်တိုဘာတွင် အထက်ပါသစ်သီးလေးမျိုးအား မူဆယ်-ရွှေလီနှင့် (မိုင်းလား) တာလော့ဂိတ်နှစ်ခုမှသာမက မူဆယ်-ရွှေလီ၊ ချင်းရွှေဟော်-မိန့်တိန်၊ ကန်ပိုက်တီ-ဟိုချောင်၊ လွယ်ဂျယ်-ကျန်းဖုန်းစသည့် နယ်စပ်ဂိတ်များမှ တရားဝင်တိုးမြှင့်တင်ပို့ခွင့်ရရှိခဲ့သည်။

**Source:** https://7day.news/detail?id=197344

## အထည်ချုပ်စက်ရုံ ၇၀ ရာခိုင်နှုန်းခန့် အပ်ထည်အမှာအသစ်မရသဖြင့် အခက်အခဲကြုံနေဟုဆို



COVID-19 ကပ်ရောဂါဖြစ်နေချိန်အတွင်း အထည်ချုပ်စက်ရုံ ၇၀ ရာခိုင်နှုန်းခန့်သည် အပ်ထည်အမှာအသစ် မရရှိသဖြင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။ အပ်ထည်အမှာရရှိသည့် စက်ရုံများကလည်း ကလေးဝတ်များ၊ နေ့စဉ်ဝတ်ဆင်သည့် စွပ်ကျယ်ကဲ့သို့ အထည်များသာ ချုပ်လုပ်နေရသည်ဟု ၎င်းကဆိုသည်။ ရုံးတက်၊ ရုံးဆင်းယူနီဖောင်းဝတ်စုံများ၊ အပြင်ထွက်လျှင် ဝတ်ဆင်သော တန်ဖိုးကြီးအထည်များ၊ ဂျာကင်များ အပ်ထည်ရရှိမှုပျောက်ဆုံးနေသည်ဟု ဦးမြင့်စိုးကဆိုသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်စက်အသင်းဝင် စက်ရုံပေါင်း ၇၀၀ ကျော်ရှိနေပြီး လက်ရှိအချိန်တွင် အလုပ်သမား ငါးသိန်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်တွင် ၃၀ ရာခိုင်နှုန်းကျော် ပါဝင်နေသော လက်ခစားချုပ်ပြီး အထည်တင်ပို့မှုက COVID-19 ကပ်ရောဂါကြောင့် လျော့နည်းသွားသည်။ ကုန်သွယ်မှု အထူးအခွင့်အရေး (GSP) ကြောင့် ပြည်တွင်းအထည်ချုပ်စက်ရုံများ၏ ၆၅ ရာခိုင်နှုန်းမှာ ဥရောပသမဂ္ဂအဖွဲ့(အီးယူ) နိုင်ငံများမှ အပ်ထည်များကိုသာ အဓိကထားချုပ်လုပ်ခဲ့သည်။ “အဆိုးဆုံး အခြေအနေကိုတော့ပြင်ဆင်ပြီး စောင့်ရမယ့်သဘောမျိုးဖြစ်နေတယ်” ဟု အထည်ချုပ်စက်ရုံများ ကြုံနေရသည့်အခြေအနေနှင့်ပတ်သက်၍ ဦးမြင့်စိုးကဆိုသည်။

ဘဏ္ဍာနှစ်ကုန်ဆုံးချိန်အထိ အပ်ထည်အမှာများ ပြတ်လပ်မှုဆက်လက်ကြုံတွေ့နေလျှင် စက်ရုံများ၌အလုပ်ချိန် လျှော့ချခြင်း၊ ယာယီအလုပ်ပိတ်ရခြင်းများ ရှိလာနိုင်ဟုလည်း ၎င်းကပြောသည်။ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများသည် လက်ခစားလုပ်ငန်းများဖြစ်ခြင်းကြောင့် လုပ်ငန်းမရှိလျှင် အလုပ်သမားများခန့်ထားရေးခက်ခဲကြောင်း ရွှေပြည်သာစက်မှုဇုန်မှ အထည်ချုပ်စက်ရုံပိုင်ရှင်တစ်ဦးကပြောသည်။ ၂၀၁၄ နောက်ပိုင်း နှစ်စဉ်ပို့ကုန်တိုးတက်တင်ပို့နိုင်ခဲ့သော ချုပ်ပြီးအထည်တင်ပို့မှုလုပ်ငန်းများသည် ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀ ခန့်လျော့နည်းသွားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပသို့လက်ခစားချုပ်အထည်တင်ပို့မှုမှ ဒေါ်လာလေးဘီလီယံခန့်ဝင်ငွေရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကဆိုသည်။ အပ်ထည်အမှာပျောက်ဆုံးမှု၊ ကုန်ကြမ်းပြတ်လပ်ခဲ့မှုများက လက်ခစားချုပ်ထည် တင်ပို့မှုတန်ဖိုးကို လျော့နည်းစေသည်ဟု ၎င်းကဆိုသည်။ အပ်ထည်အမှာသစ်မရချိန်တွင် ချုပ်ပြီးအထည်များ တင်ပို့ရောင်းချရာတွင်လည်း ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် ဝင်ငွေထိခိုက်မှုများ ကြုံနေရသည်ဟု အထည်ချုပ်စက်ရုံပိုင်ရှင်အချို့ကပြောသည်။

ယခုနှစ် ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၀၀ ကျပ်ကျော်ကျဆင်းသွားသည်။ ၂၀၂၀ နှစ်စပိုင်းတွင် တစ်ဒေါ်လာကျပ် ၁,၅၀၀ ဝန်းကျင်ရှိခဲ့သော်လည်း ဩဂုတ်လကုန်ပိုင်းတွင် ကျပ် ၁,၃၅၀ အောက်ကျဆင်းနေသည်။ တစ်ဒေါ်လာ တန်ဖိုး ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားခြင်းဖြစ်သည်။ ထိုကဲ့သို့ ဒေါ်လာတန်ဖိုးကျဆင်းသွားခြင်းက ချုပ်ပြီးအထည်တင်ပို့ပြီး ငွေပြန်လည်ဝင်လာချိန်တွင် ဆုံးရှုံးမှုများဖြစ်နေသည်ဟု အထည်ချုပ်စက်ရုံပိုင်ရှင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=197336

## ကိုဗစ်ဂယက်ကြောင့် မုံရွာကုန်စည်ဒိုင်ယာယီပိတ် စိုက်ပျိုးရေးထွက်ကုန်အချို့ ဈေးနှုန်းမှာကျဆင်း

ယခုရက်သတ္တပတ်များအတွင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရသူဦးရေမြင့်တက်လာခြင်းကြောင့် မုံရွာမြို့ကုန်စည်ဒိုင်တွင် ပြင်ပသည့်ဝင်ခွင့်ကို ဩဂုတ် ၂၇ ရက်မှစတင်ကာ ရက်အကန့်အသတ်မရှိ ယာယီပိတ်ထားကြောင်းသိရသည်။ "ဒုတိယအကြိမ် ပြန်ဖြစ်လာပြီးတော့ ကူးစက်မှုနှုန်းကလည်းမြန်တယ်။ အဲဒါကြောင့် ရောဂါကူးစက်မှုမရှိစေရေးအတွက် ပြင်ပသည့်ဝင်ခွင့်ကို ယာယီ ပိတ်လိုက်တာဖြစ်ပါတယ်။ အသင်းသား၊ ကိုယ်စားလှယ်တွေအနေနဲ့လည်း ကုန်စည်ဒိုင်ထဲကိုဝင်ရင် ပါးစပ်နဲ့ နှာခေါင်းစည်းတပ်ရမယ်။ အပူချိန်တိုင်းရမယ်။ အဲဒါတွေလုပ်ပြီးမှ ဝင်ရမှာဖြစ်ပါတယ်"ဟု မုံရွာကုန်စည်ဒိုင်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုကပြောသည်။

ကိုဗစ်-၁၉ ရောဂါပိုးကူစက်မှုနှုန်း မြင့်မားလာခြင်းကြောင့် ကုန်စည်ဒိုင်ကို ခေတ္တယာယီပိတ်ရန်စီစဉ်ခဲ့သော်လည်း ပဲ၊ နှမ်း ကုန်စည်စီးဆင်းမှုရပ်တန့်ကာ ဈေးနှုန်းများ မမှန်မကန်ဖြစ်ပေါ်မှုမရှိစေရေးအတွက် ပထမအဆင့်အနေဖြင့် ယခုကဲ့သို့ ပြင်ပ ဧည့်များကို ပိတ်လိုက်ခြင်း စတင်ခြင်းဖြစ်ကြောင်း၊ လိုအပ်ပါက ကုန်စည်ဒိုင်ကိုပါ ခေတ္တပိတ်သွားမည်ဖြစ်ကြောင်းသိရသည်။ "လူစုလူဝေးဖြစ်မှာကိုလည်း မလိုလားဘူး။ ဒါကြောင့် လူဦးရေကိုနည်းအောင် ဧည့်ဝင်ခွင့်ကို ယာယီပိတ်လိုက်တာဖြစ်တယ်။ အသင်းသားနဲ့ကိုယ်စားလှယ်တွေကိုလည်း အမှန်တကယ် အရောင်းအဝယ်လုပ်မယ့်သူတွေပဲ ဝင်ဖို့အတွက်လည်း မေတ္တာရပ်ခံထားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ကုန်စည်ဒိုင်အတွင်း ဝင်ရောက်ပါက ပါးစပ်နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်စေကာ သတ်မှတ်အပူချိန်ထက်ကျော်လွန်သည့်သူများကိုတွေ့ရှိလျှင် ဝင်ခွင့်မပြုခြင်း၊ လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေမှခြောက်ပေအကွာမှ ရောင်းဝယ်မှုပြုလုပ်ကြရန် ဆောင်ရွက်ထားကြောင်းသိရသည်။ လက်ရှိတွင် ကိုဗစ်-၁၉ ဂယက်ကြောင့် မုံရွာကုန်စည်ဒိုင်တွင် တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ပဲကြီး၊ ပဲတီစိမ်းအရောင်းအဝယ်မှာ လုံးဝရပ်ဆိုင်းသလောက်ဖြစ်ပေါ်နေပြီး ဈေးနှုန်းမှာ ကျဆင်းလာနေသည်။

ကိုဗစ်-၁၉ စတင်ဖြစ်ပေါ်ခဲ့စဉ်က ကြိုတင်ကာကွယ်သည့်အနေဖြင့် ဧပြီ ၁ရက်မှစတင်ကာ မုံရွာကုန်စည်ဒိုင်ကို ပိတ်ထားခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ ကုန်စည်ဒိုင်တွင် အသင်းသား၊ ကိုယ်စားလှယ် စုစုပေါင်း ၄၉၀ ဦး ရှိကြောင်းသိရသည်။ မုံရွာကုန်စည်ဒိုင် ယာယီပိတ်သော်လည်း မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဆက်လက် ရှိနေသေးကြောင်းလည်းသိရသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ငါးလအတွင်း ဒေါ်လာတန်ဖိုး အနိမ့်ဆုံးကျဆင်းပြီး တစ်ဒေါ်လာ ၁,၃၃၂ ကျပ်ဈေးဖွင့်




COVID-19 ကပ်ရောဂါဖြစ်နေချိန်တွင် ပြည်တွင်းငွေကြေး ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးသည် တစ်လအတွင်း ၃ ရာခိုင်နှုန်းကျော်လျော့ကျလာပြီး ဩဂုတ် ၂၈ ရက်တွင် တစ်ဒေါ်လာ ၁,၃၃၂ ကျပ် ဈေးဖွင့်သည်။ ယခုလ အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် အမြင့်ဆုံး ၁,၃၉၂ ကျပ် အထိ မြင့်တက်ခဲ့ပြီး နောက်ပြန်လည်ကျဆင်းခြင်းဖြစ်သည်။ ပြည်တွင်းစီးပွားရေးအခြေအနေအရ ဒေါ်လာတန်ဖိုးသည် တစ်ဒေါ်လာ ၁,၄၀၀ ကျပ်အထက်ကို ပြန်တက်ရန်မဖြစ်နိုင်သေးကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

လက်ရှိ ဒေါ်လာတန်ဖိုးသည် COVID-19 ကပ်ရောဂါဖြစ်ပွား နေသည့်ငါးလအတွင်း အနိမ့်ဆုံး ကျဆင်းလာခြင်းဖြစ်သည်။ အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံဆက်ဆံရေးတင်းမာပြီး နိုင်ငံတကာဈေးကွက်တွင် ဒေါ်လာတန်ဖိုး အားပျော့လာခြင်းလည်း ပါဝင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

မြန်မာနိုင်ငံသည် ပြည်တွင်းဝယ်လိုအားနည်းနေပြီး ကုန်သွယ်မှုလိုငွေကလည်း ယခုဘဏ္ဍာနှစ်တွင် ဒေါ်လာ တစ်ဘီလီယံ အောက်သာရှိသဖြင့် ကျပ်ငွေတန်ဖိုးတက်လာသည့် အခြေအနေမျိုးဖြစ်သည်ဟု ကမ္ဘာ့ရတနာဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာလှညွန့်ကပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းလာခြင်းကြောင့် ဈေးကွက် တည်ငြိမ်မှုရှိစေရန် တစ်လအတွင်း ဗဟိုဘဏ်ကဒေါ်လာ ၂၈ သန်းကျော်ကို ဝယ်ယူပေးခဲ့သည်။

**Source:** https://7day.news/detail?id=197149

## နိုင်ငံတော်ဗဟိုဘဏ်က ငါးရက်အတွင်း နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၁၇ သန်း ထပ်မံ ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၈ ရက်အထိ ဒေါ်လာ ၂၁၁ ဒသမ ၁ သန်းဝယ်ယူထား



နိုင်ငံတော်ဗဟိုဘဏ်က ငါးရက်အတွင်း နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၁၇ သန်း ထပ်မံဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၈ ရက် အထိ ဒေါ်လာ ၂၁၁ ဒသမ ၁ သန်း ဝယ်ယူထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

နိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ၂၀၂၀ ပြည့် နှစ် ဩဂုတ် ၅ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ ဩဂုတ် ၆ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ ဩဂုတ် ၁၄ ရက်တွင် ဒေါ် လာ ၃ ဒသမ ၈ သန်း၊ ဩဂုတ် ၁၈ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ ဩဂုတ် ၂၄ ရက် တွင် ဒေါ်လာ ၂ ဒသမ ၁ သန်း၊ ဩဂုတ် ၂၅ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ ဩဂုတ် ၂၆ ရက်တွင် ဒေါ်လာ ၃ ဒသမ ၅ သန်း၊ ဩ ဂုတ် ၂၇ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ ဩဂုတ် ၂၈ ရက်တွင် ၃ ဒသမ ၈ သန်းဝယ်ယူ ခဲ့ပြီး လေးပတ်အတွင်း ဒေါ်လာ ၃၂ ဒသမ ၂ သန်းဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဇူလိုင်အထိ လအလိုက် ရောင်းဝယ်မှုပမာဏများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ဒေါ် လာ ၃၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၃၁ ဒသမ ၅ သန်း၊ မတ်တွင် ဒေါ် လာ ၂၁ သန်း၊ မေတွင် ဒေါ်လာ ၁၆ ဒသမ ၇ သန်း၊ ဇွန်တွင် ၃၉ ဒသမ ၁ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၃၁ ဒသမ ၁ သန်း၊ ဩဂုတ် ၁ ရက်မှ ၂၈ ရက် အတွင်း ဒေါ်လာ ၃၂ ဒသမ ၂ သန်းဝယ်ယူခဲ့ ပြီး ၂၀၂၀ ပြည့် နှစ် ဧပြီတွင် ဒေါ်လာ ၂ ဒသမ ၇ သန်း ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။ ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံး သီးသန့်အရန်ငွေဖြည့်တင်းရန် နိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင်လေလံဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်တွင် အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များ ဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်အရန်ငွေဖြည့်တင်းရန် အချက်နှစ်ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များချမှတ်ထားပြီး အဆိုပါစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေဈေးပြိုင် လေလံတွင်ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer – AD) ရဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ် သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေလုပ်ငန်းဆောင်ရွက်ချက်များမှာ ကာလတိုအတွင်း နိုင်ငံခြား ငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကိုလျော့နည်းစေရန် အလုပ်လုပ်ရက် တစ်ရက်ရှိ မြန်မာကျပ်ငွေနှင့် အမေရိကန် တစ်ဒေါ်လာ၏ ငွေလဲလှယ်နှုန်းနှင့် ယခင်ရက်ရည်ညွှန်းငွေလဲလှယ်နှုန်းတို့ကိုနှိုင်းယှဉ်ခြင်း၊ ယင်းသို့ နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းသည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့်စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာရောင်းချရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့်ရာခိုင်နှုန်းသည် ချမှတ်ထားသည့်စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန် ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေကို ဖြည့်တင်းရန် အလုပ်လုပ်ရက်တစ်ရက်၏ ငွေလဲလှယ်နှုန်းအား ပြီးခဲ့သည့်ရက်ပေါင်း ၂၀ အတွင်း၌ဖြစ်ပေါ်သည့် ပျမ်းမျှမြန်မာကျပ်ငွေနှင့် အမေရိကန် တစ်ဒေါ်လာလဲလှယ်နှုန်းနှင့်နှိုင်းယှဉ်ခြင်း၊ ယင်းသို့နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့်စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)

ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဈေးပြိုင်လေလံတွင် ဗဟိုဘဏ်က ကြေညာထားသည့် အမြင့်ဆုံး လဲလှယ်နှုန်းနှင့် အနိမ့်ဆုံးလဲလှယ်နှုန်းအကြား AD ဘဏ်များကတင်ပြသည့် နိုင်ငံခြားငွေဝယ်ယူရန်၊ ရောင်းချရန်တင်ပြချက်များကို Refinitv ယခင် (Thomson Reuters) ၏ လေလံအရောင်းအဝယ်စနစ် (Real Time Dealing Platform) ကို အသုံးပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဝယ်ယူ၊ ရောင်းချခြင်းဖြစ်သည်။

အဆိုပါဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင် လေလံဖွင့်လှစ်ဆောင်ရွက်နေခြင်းမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံး သီးသန့်အရန်ငွေ ဖြည့်တင်းရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်တွင်ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်စေရန်ဖြစ်စေ သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/189824

## အိန္ဒိယ၏ ပဲတင်သွင်းခြင်းမူဝါဒ အတိအကျမသိရှိရသေးသဖြင့် လက်ရှိတွင် မတ်ပဲနှင့်ပဲတီစိမ်းတင်ပို့မှု အရောင်းအဝယ်အေးနေသော်လည်း ပဲတီစိမ်းတင်ပို့မှုသည် ဈေးကွက်ကျယ်ပြန့်သဖြင့် ပုံမှန်အတိုင်းတင်ပို့လျက်ရှိ



အိန္ဒိယ၏ ပဲတင်သွင်းခြင်းမူဝါဒ အတိအကျမသိရှိရသေးသဖြင့် လက်ရှိတွင် မတ်ပဲနှင့်ပဲတီစိမ်းတင်ပို့မှာ အရောင်းအဝယ်အေးနေသော်လည်း ပဲတီစိမ်းတင်ပို့မှုသည် ဈေးကွက်ကျယ်ပြန့်သဖြင့် ပုံမှန်အတိုင်း တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှ သိရသည်။ "တင်ပို့မှုက ပဲတီစိမ်းကတော့ တရုတ်ဘက် သွားတာရှိသလို အီးယူဘက်သွားတာ ရှိတယ်။ မတ်ပဲနဲ့ ပဲစင်းငုံကတော့ အိန္ဒိယဘက်က ပဲစင်းငုံကလိုင်စင် အခုထိမကျသေးဘူး။ သူတို့သွင်းကုန် လိုင်စင်တွေကို မချပေးသေးဘူး။ မတ်ပဲကအတူတူပဲ။ ဩဂုတ်လ အကုန်အထိပဲ ခွင့်ပြုထားသေးတယ်။ Extention ပြန်မပေးသေးဘူး။ စောင့်ကြည့်နေတုန်းဆိုတော့ မတ်ပဲနဲ့ ပဲစင်းငုံကတော့ FOB အိန္ဒိယဘက်က ဝယ်ယူမှုအား နဲနဲနည်းတယ်။ တခြားနိုင်ငံကနေ ဝယ်ယူမှုတွေကတော့ရှိတယ်" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း အမျိုးအစားသုံးမျိုးကို အဓိကတင်ပို့နေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကိုမူ တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂသို့ တင်ပို့နေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အိန္ဒိယဈေးကွက်ကို အဓိကတင်ပို့နေသည့် မတ်ပဲနှင့် ပဲစင်းငုံတင်ပို့မှုမှာ အရောင်းအဝယ်အေးနေသော်လည်း တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂနိုင်ငံများအထိ ဈေးကွက်ကျယ်ပြန့်စွာ ရရှိထားသည့် ပဲတီစိမ်း တင်ပို့မှုမှာ ယခင်နှစ်များအတိုင်း တင်ပို့မှုအားကောင်းလျက်ရှိကြောင်းသိရသည်။ "အိန္ဒိယက သူ့မူဝါဒအပြောင်းအလဲတွေကြောင့် ရပ်သွားလိုက်၊ အရောင်းအဝယ် သွက်သွားလိုက်၊ မတ်ပဲ၊ ပဲတီစိမ်းက အိန္ဒိယဘက်ကို သိပ်မသွားတဲ့အခါကျတော့ ပဲတီစိမ်းဈေးက ပိုပြီးတော့ကျယ်ပြန့်ပါတယ်" ဟု ဦးမင်းကိုဦးက ပြောကြားသည်။

လက်ရှိတွင် ပြည်တွင်း၌ မတ်ပဲတစ်တန်လျှင် ကျပ်ကိုးသိန်းခွဲအထိရှိပြီး ယခင်တပတ်ထက် ကျပ်တစ်သောင်းဝန်ကျင်သာ ပြောင်းလဲမှုရှိသည်။ ပဲစင်းငုံသည် ကျပ် ၈၀၀,၀၀၀ မှ ၈၁၀,၀၀၀ ဝန်းကျင်ရှိပြီး ပြောင်းလဲမှုမရှိကြောင်း၊ ပဲတီစိမ်းဈေးနှုန်းသည် အမျိုးအစားအပေါ်မူတည်၍ ကျပ် ၁၁ သိန်းမှ ၁၃ သိန်းကြားရှိကြောင်းသိရသည်။ "ပဲဈေးကွက်ကတော့ ကြီးကြီးမားမား ပြောင်းလဲမှုမရှိပါဘူး။ လက်ရှိမတ်ပဲကတော့ ကျပ်ကိုးသိန်းခွဲလောက်ရှိတယ်။ ပြီးခဲ့တဲ့ တပတ်က ကိုးသိန်း ခြောက်သောင်း လောက်သွားတယ်။ နည်းနည်းတော့အေးတယ်ပေါ့။ ပဲစင်းငုံကလည်း ရှစ်သိန်းနဲ့ရှစ်သိန်းတစ်သောင်းလောက်ရှိတယ်။

အရင်တပတ်ကလည်း အဲဈေးလောက်ပဲ ပြောင်းလဲမှုမရှိဘူး။ မတ်ပဲက FOB တစ်တန်ကို ဒေါ်လာ ၇၁၅နဲ့ ၇၂၀ လောက် သွားတယ်။ ပဲစင်းငုံက တစ်တန်ကို ဒေါ်လာ ၃၂၀ လောက်သွားတယ်။ ပဲတီစိမ်းကတော့ လက်ရှိမှာ အမျိုးအစားအပေါ်မူတည်ပြီး ၁၁ သိန်းနဲ့ ၁၃ သိန်းကြား ဒီဝန်းကျင်လောက်ပဲ” ဟု ၎င်းကဆိုသည်။

လက်ရှိဘဏ္ဍာနှစ် ၁၀ လခန့်တွင် ပြည်ပသို့ပဲမျိုးတန်ချိန် ၁ ဒသမ ၄ သန်း ကျော်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ တစ်ဘီလျံ ကျော် ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၁၂၀၀၀၀ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၂၄၀ ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၄၃၈ သန်း တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၁ ဒသမ ၀၆၅ ဘီလျံ ရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၃၁၈ သန်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၈၂၅ သန်းကျော်သာ ရရှိထားသည်။ “ကာလတူထက် တန်ဖိုးက ဒေါ်လာသန်း ၂၄၀ များတယ်။ တန်ချိန်ကလည်း ၁၂၀၀၀၀ လောက်များတယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

**Source:** https://news-eleven.com/article/189864

## ကိုဗစ်ကြောင့် မတ်ပဲဈေးကွက်အေးစက်နေ



လက်ရှိ ဈေးကွက်အတွင်း မတ်ပဲအရောင်းဝယ်များ အေးစက်နေပြီး၊ ပြည်တွင်းဈေးကော၊ ပြည်ပဈေးမှာပါ အနည်းငယ်ဈေးကျဆင်းနေကြောင်း ကုန်သည်များထံမှသိရသည်။ လက်ရှိ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံပမာဏ၏ ၇၅ ရာခိုင်နှုန်းခန့်ကို အိန္ဒိယနိုင်ငံမှ ဝယ်ယူနေခြင်းဖြစ်ပြီး၊ အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှုမှာ ပြီးခဲ့သည့် နှစ်များမှ စတင်ကာ မြင့်တက်လာခဲ့ခြင်းကြောင့် တင်သွင်းမှု လျော့ကျလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင် ဈေးကွက်တွင် ယခင်အပတ်က မတ်ပဲ တစ်တန်လျှင် ၉၆၀၀၀၀ ကျပ်ထိ ရှိခဲ့ရာမှ ဩဂုတ်လ စတုတ္ထအပတ်တွင် ၉၅၀၀၀၀ ကျပ်ဖြင့် အကျဈေးမှာငြိမ်နေကြောင်းသိရသည်။ "ဈေးနှုန်းအရမ်းကြီးပြောင်းလဲသွားတာမရှိဘူး။ ယခင်အပတ်နဲ့ စာရင်တော့ ဒီအပတ်အတွင်းမှာတော့ နည်းနည်းလေး ပြန်အေးသွားတယ်လို့ပြောရတယ်။ ပြည်ပဈေးနှုန်းလည်း အနည်းငယ် ကျပြီး ပြန်အေးနေတယ်။ '' ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ယခုဘဏ္ဍာနှစ်တွင် အိန္ဒိယအစိုးရမှ ကိုတာစနစ်ဖြင့် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းကို ဝယ်ယူတင်သွင်းရန် ရှိသော်လည်း လက်ရှိအချိန်အထိ မတ်ပဲ တန်ချိန် ၁ သိန်းခန့်သာ တင်ပို့နိုင်သေးကြောင်းသိရသည်။ လက်ရှိ ပြည်ပဈေးကွက်တွင် ယခင်က မတ်ပဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၃၀ ထိ ဈေးရရှိခဲ့ပြီး ဩဂုတ်လ စတုတ္ထအပတ်တွင် မတ်ပဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၁၅ မှ ၇၂၀ ဈေးသာ ရရှိနေကြောင်းသိရသည်။ " အိန္ဒိယ ဈေးကွက်က ကြည့်ရရင် ရာသီဥတုပေါ် မူတည်ပါတယ်၊ ရာသီဥတု မကောင်းဘူး စိုက်ခင်းပျက်ရင် ကျွန်တော်တို့ဆီက ဝယ်မှာပေ့ါ။ ခုသိထားသလောက်တော့ ကျန်ခဲ့တဲ့အပတ်မှာ မိုးအရမ်းရွာလို့ မတ်ပဲ စိုက်ခင်း တွေ ရေစိုသွားတယ်။ ဒါကြောင့် အိန္ဒိယက ဝယ်မယ်လို့ သိနေပါတယ်။ ဒုတိယကတော့ ရာသီဥတု မကောင်း ခြင်းပေါ် မူတည်ပါတယ်။ ရာသီဥတုကောင်းလို့ ထုတ်လုပ်မှု များလာရင်တောင် မြန်မာဆီက လုံးဝမဝယ်တော့ တာမျိုး လုပ်လို့မရပါဘူး။ ရုတ်တရက် ရာသီဥတု မကောင်းရင် ဒုက္ခရောက်သွားမှာပေ့ါ။ ဒါတွေကတော့ လက်ရှိ ဈေးကွက်ထဲမှာ ဖြစ်နေတဲ့ အခြေအနေအမျိုးမျိုးပေ့ါ။ '' ဟု ပဲ၊ ပြောင်း စိုက်ပျိုးရေးထွက်ကုန်ကူးသန်းရောင်းဝယ်သော နိုင်ငံခြားကုမ္ပဏီများအသင်း၏ ဥက္ကဋ္ဌ Vatsal Lilani မှ အိန္ဒိယဈေးကွက်အပေါ် သုံးသပ်ပြောကြားထားသည်။ နောက်ပိုင်း၌ ပြည်တွင်း မတ်ပဲနှင့်ပဲစိမ်းငုံမှာ အိန္ဒိယနိုင်ငံမှ ဆက်လက်၍ လိုအပ်ချက်များရှိနေဦးမည်ဟု သုံးသပ်ရသောကြောင့် ပြည်ပသို့တင်ပို့မှုမှာတော့ ပုံမှန်ရှိနေနိုင်ကြောင်းသုံးသပ်ကြသည်။

လက်ရှိ ပြည်ပဈေးကွက် အသစ်အဖြစ် တောင်အမေရိကနှင့် ဥရောပနိုင်ငံများမှ ဝယ်လိုအားရှိနေသည့်အတွက် ဘိုကိတ်ပဲ၊ မြေထောက်ဖြူ ပဲရေပွအကြားစသည့်ပဲများကို ကုန်ချောအနေဖြင့် ထုတ်လုပ်ရောင်းချသင့်ကြောင်း ဥက္ကဋ္ဌ Vatsal Lilani က ဆက်လက်ပြောဆိုသည်။ လက်ရှိ မြန်မာနိုင်ငံမှမတ်ပဲများကို အန္ဒိယနိုင်ငံမှ အဓိကဝယ်ယူနေပြီး၊ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်သစ်အနေဖြင့် ပါကစ္စတန်၊ ဒူဘိုင်း၊ မလေးရှား၊ အင်ဒိုးနီးရှားနိုင်ငံများသို့ အနည်းငယ် တင်ပို့နေကြောင်းသိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့တစ်နှစ်လျှင် ပဲမျိုးစုံတန်ချိန် ၁၅ သိန်းထိ တင်ပို့လျက်ရှိပြီး၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် တင်ပို့မှု လျော့နည်းခဲ့ပါက တန်ချိန် ၁၃ သိန်းမှ ၁၄ သိန်းဝန်းကျင်ခန့် တင်ပို့ နိုင်ရန်လျာထားကြောင်း သိရသည်။

**Source:** http://htwettoe.com/article-details/news/9952252

## ရန်ကုန်အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃ သိန်းဝန်းကျင်တွင် အတက်အကျဖြစ်နေပြီး ဈေးကွက်အေးနေ



ရန်ကုန်ရွှေဈေးကွက်အတွင်း အခေါက် ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃ သိန်းဝန်းကျင်တွင် အတက်အကျဖြစ်နေပြီး ဩဂုတ် ၂၈ ရက်တွင် ငွေကျပ် ၁၃ သိန်းအောက် ကျဆင်းလျက်ရှိသော်လည်း ဈေးကွက်အေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမျိုးမြင့်၏ ပြောဆိုချက်အရသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်ရက်များက တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၈၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး လက်ရှိတွင် အမေရိကန်ဒေါ်လာ ၁၉၀၀ ကျော်သာရှိကာ အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်ကျဆင်းနေခြင်းဖြစ်သည့်အပြင် ပြည်တွင်းငွေလဲနှုန်းလည်း ကျဆင်းနေသောကြောင့် ရန်ကုန်အခေါက်ရွှေဈေးနှုန်း ကျဆင်းနေခြင်းဖြစ်သည်။ "ဒီရက်ပိုင်းထဲမှာ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၁၃ သိန်းဝန်းကျင်မှာ အတက်အကျဖြစ်နေတယ်။ ဩဂုတ် ၂၈ ရက်မှာ ငွေကျပ် ၁၃ သိန်းအောက်ကျသွား တယ်။ ကမ္ဘာ့ရွှေဈေးလည်းကျတယ်။ ပြည်တွင်းဈေးလည်းကျတယ်။ ဒါပေမဲ့ ကမ္ဘာ့ပေါက်ဈေးနဲ့ပြည်တွင်းဈေးက အရမ်းကွာနေတော့ အများကြီးမကျနိုင်ဘူး" ဟု ဦးမျိုးမြင့်ကပြောသည်။

ကမ္ဘာ့ပေါက်ဈေးနှုန်းနှင့် ပြည်တွင်းဈေးနှုန်းမှာ လက်ရှိအချိန်ထိ တစ်ကျပ်သားလျှင် ငွေကျပ် တစ်သိန်းခွဲအထိ ဈေးနှုန်းကွာဟနေပြီး လတ်တလောတွင် ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်စဉ်က ဝယ်ယူထားသူများက ပြန်လည်ရောင်းချနေပြီး ဝယ်လိုအား နည်းနေကြောင်းသိရသည်။ "ဈေးကွက်ထဲမှာ အရောင်းများနေတယ်။ တစ်ကျပ်သားကို ငွေကျပ် ၁၂ သိန်းလောက်နဲ့ ဝယ်ထားသူတွေက အခုထိ ပြန်ရောင်းနေကြတုန်းရှိသေးတယ်။ ဝယ်တဲ့သူနည်းပြီး ရောင်းတဲ့သူများနေတယ်။ လောလောဆယ် COVID-19 ရောဂါအခြေအနေကြောင့် အရောင်းအဝယ်ရပ်သွားမယ့်သဘောရှိပါတယ်" ဟု ဦးမျိုးမြင့်က ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ဩဂုတ် ၂၈ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၄၁ ဒေါ်လာအထိရှိ နေပြီး ပြည်တွင်းငွေလဲနှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ပြင်ပပေါက်ဈေး ဝယ်ဈေး ငွေကျပ် ၁၃၅၀ နှင့် ရောင်းဈေး ငွေကျပ် ၁၃၆၀ အထိရှိနေကြောင်း၊ ဩဂုတ် ၂၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၁၂၉၇၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1211

## ၂၀၂၀-၂၀၂၁ ခုနှစ် COVID-19 အလွန်ကာလ၌ လျှော်ဖြူဈေးကွက်ပြန်လည်ကောင်းမွန်စေရန် ညီညီညွတ်ညွတ် ကြိုးစားလုပ်ဆောင်သွားမည်





၂၀၂၀-၂၀၂၁ ခုနှစ် COVID-19 အလွန်ကာလ၌ လျှော်ဖြူဈေးကွက်ပြန်လည်ကောင်းမွန်စေရန် ညီညီညွတ်ညွတ် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မကြာခင်ကာလ၌ လျှော်ဖြူပန်းပွင့်ချိန်သို့ ရောက်ရှိတော့မည်ဖြစ်ပြီး၊ အစေးထွက်နှုန်းများလည်း တစ်စထက်တစ်စ လျော့နည်းလာတော့မည်ဖြစ်သည်။

မိုးကုန်တဲ့အခါမှာ အစေးထွက်နှုန်းနည်းလာပါတော့မယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် လျှော်ဖြူအစေးထုတ်ရာသီက ပြီးသလောက်ရှိသွားပါပြီ။ ပြီးခဲ့တဲ့ကာလတစ်ခုကိုအခြေခံပြီး နောင်လာမယ့်ကာလမှာ ဘာတွေကြိုတင်ပြင်ဆင် စဉ်းစားသင့်သလဲဆိုရင် အဓိကတော့ ကျွန်တော်တို့ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူတွေရဲ့ ထုတ်လုပ်တဲ့အစေးတွေ သင့်တင့်မျှတတဲ့ဈေး ပြန်လည်ရရှိဖို့ လိုအပ်ပါတယ်။ အဲ့ဒီအတွက် အသင်းအဖွဲ့အပါအဝင် စိုက်ပျိုးထုတ်လုပ်သူတွေ၊ ကုန်သည်ပွဲစားတွေပါမကျန် ညီညွတ်စွာကြိုးစားလုပ်ဆောင်သွားကြရမှာပါ။ ကျဆင်းသွားတဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ရိုက်ခတ်မှုကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး လျှော်ဖြူဈေးကွက်ရဲ့ ရောင်းလိုအား၊ ဝယ်လိုအား မမျှတမှုကို ထိန်းညှိကြရပါမယ်ဟု မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ (နန္ဒဝန်-လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး)မှ ဦးဇင်မင်းသန့်ကပြောသည်။

၂၀၁၉-၂၀၂၀ ခုနှစ်က လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဈေးကွက်ကောင်းများ ရရှိလာရန် မျှော်လင့်ချက်ကြီးမားခဲ့သော်လည်း COVID-19 ရိုက်ခတ်မှုကြောင့် ဈေးကွက်အရှုံးကိုရင်ဆိုင်ခဲ့ရသည်။ တော်တော်များများကို ဆုံးရှုံးကြတာပါ။ ဆုံးရှုံးမှုက အနည်းနဲ့အများသာ ကွာပါမယ်။ လက်ရှိအခြေအနေမှာတော့ ဘယ်လိုမှရောင်းလို့မဖြစ်နိုင်တော့တဲ့ ဈေးနှုန်းတွေကြောင့် ခြံပိုင်ရှင်ဆိုတာ အသာထားဦး၊ ရတဲ့ဈေးနှုန်းနဲ့ကိုက်အောင်လုပ်နိုင်ပါတယ်ဆိုတဲ့ လျှော်ဖြူပင် အပင်အငှား ထုတ်သူတွေ၊ တောထဲက သဘာဝအပင်ကို အစေးထုတ်သူတွေတောင် တွက်ချေမကိုက်တော့လို့ နားရတဲ့အခြေအနေအထိ ရောက်သွားခဲ့ပြီဖြစ်ပါတယ်။ ပြည်ပဈေးကွက်ကို အားကိုးလို့မရတဲ့အခါ ခံနိုင်ရည်ရှိဖို့အတွက် ဈေးကွက်သစ်တွေဖော်ဆောင်ဖို့ ကြိုးပမ်းရမှာပါ။ အခုဆိုရင် လျှော်ဖြူစေး (ဆေးကုလားမ) ကို စားသောက်ကုန်အဖြစ် ကုန်ချောတွေထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက် စတင်ထိုးဖောက်နေပါပြီဟု ဦးဇင်မင်းသန့်က ဆက်လက်ပြောသည်။ COVID-19 မတိုင်မီ ကာလများက မြန်မာနိုင်ငံမှ လျှော်ဖြူစေးကို တရုတ်နိုင်ငံဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချခဲ့ကြပြီး၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ များသို့လည်း ရံဖန်ရံခါရောင်းချခဲ့ကြသည်။

**Source:** https://greenwaymyanmar.com/posts/Efforts_will_be_made_to_revitalize_the_sterculia_market

## ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်လျှောက်ထားရမည်

အမှတ်တံဆိပ်ပိုင်ရှင်များသည် ကုန်အမှတ်တံဆိပ်မှုပိုင်ခွင့် ဥပဒေပုဒ်မ ၉၃၊ ပုဒ်မခွဲ (ခ) ပါအသုံးပြုခြင်းဆိုင်ရာ ဦးစားပေး အခွင့်အရေးကို ရရှိလိုပါက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အမှတ်တံဆိပ်မှတ်ပုံတင်

လျှောက်ထားခြင်းကို တရားဝင်စတင်လက်ခံမည့်နေ့ရက်မတိုင်မီ အချိန်ကာလအတွင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၈ ရက်နေ့က အမိန့်ထုတ်ပြန်လိုက်သည်။ ယင်းကာလအတွင်း လျှောက်ထားခဲ့ပြီး သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားချက်ပါ လိုအပ်သည့် အခြေခံအချက်အလက်များ ပြည့်စုံပါက အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်း တရားဝင်စတင်လက်ခံသည့်နေ့ရက်ကို မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့အဖြစ် ရရှိမည်ဖြစ်ကြောင်းသိရသည်။

အမှတ်တံဆိပ်ပိုင်ရှင်များသည် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်နေသည့် လုပ်ငန်း၊ ကုမ္ပဏီနှင့် ဥပဒေအကျိုးဆောင်အဖွဲ့များမှတစ်ဆင့် စားသုံးသူရေးရာဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရွန်နစ်နည်းဖြင့် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသည်။ ထိုသို့လျှောက်ထားရာတွင် ယခုအမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရယူလိုသည့် အမှတ်တံဆိပ်နှင့် ယခင်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ် သို့မဟုတ် နိုင်ငံတော်၏ ဈေးကွက်အတွင်း အမှန်တကယ်အသုံးပြုနေသည့် အမှတ်တံဆိပ်တို့သည် ထပ်တူညီရမည့်အပြင် ယင်းအမှတ်တံဆိပ်အတွက် အသုံးပြုမည့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားများသည်လည်း ထပ်တူညီရမည်ဖြစ်ကာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကို ထပ်မံချဲ့ထွင်၍ ဖော်ပြပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းသိရသည်။

ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကို ဖော်ပြရာတွင် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အမျိုးအစား အုပ်စုခွဲခြားခြင်းကိုအခြေခံ၍ အသေးစိတ်ဖော်ပြရမည်ဖြစ်ပြီး အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်း အပါအဝင် ယင်းနှင့်သက်ဆိုင်သည့် အခကြေးငွေများနှင့် ယင်းအခကြေးငွေများ ပေးဆောင်ရမည့်နည်းလမ်းများကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာ အသက်ဝင်ကြောင်း အမိန့်ကြေညာစာ ထုတ်ပြန်ခြင်းမပြုမီ သီးခြားထုတ်ပြန် ကြေညာသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပါ အမှတ်တံဆိပ်အခွင့်အရေးများကို ရရှိလိုသည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၉၃၊ ပုဒ်မခွဲ (က) နှင့်အကျုံးမဝင်သည့် အမှတ်တံဆိပ်ပိုင်ရှင်များသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာတည်ပြီးနောက် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို တရားဝင်စတင်လက်ခံသည့် နေ့ရက်မှစတင်၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**Source: The Voice**

https://news.ydnp.net/370079/

## ရပ်စောက်မြို့ ရွှေချင်းစိမ်းမျိုးစေ့ထုတ်သမဝါယမအသင်းမှမျိုးကောင်း၊ မျိုးသန့်ချင်း(ဂျင်း)များ စိုက်ပျိုးထုတ်လုပ်



ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အလည်ချောင်းကျေးရွာအုပ်စု တောယားကျေးရွာရှိ ရွှေချင်းစိမ်းမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်မှ သမဝါယမအသင်းသား ပိုင်မြေ ၅၂ ဧကပေါ်တွင် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့် ချင်း(ဂျင်း)များ စိုက်ပျိုးထားရှိပြီး ထွက်ရှိလာပါက မြို့နယ် သမဝါယမအသင်းစုများ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့်ချိတ်ဆက်၍ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/photos/a.401987966560763/3231822950243903/

## ပို့ကုန်လုပ်ငန်းရှင်များ Made in China တံဆိပ်ပြောင်းလဲရန် အချိန်ပိုမိုရရှိခြင်း

ဟောင်ကောင်ဒေသ၌ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအား အမေရိကန်နိုင်ငံသို့ တင်ပို့ရာ တွင် တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်း (Made in China) အဖြစ်တံဆိပ်ပြောင်းလဲကပ်ပြီးမှ တင်ပို့ရေး သတ်မှတ်ချက်သည် လတ်တလောဆောင်ရွက်ရန်မလိုဘဲ အချိန်ပိုမို ရရှိမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းသူများအတွက် ပြင်ဆင်ချိန်ပိုရရန် ကုန်အမှတ်တံဆိပ် နည်းဥပဒေအသစ်အား ၂၅-၉-၂၀၂၀ ရက်နေ့မှ ၉-၁၁-၂၀၂၀ ရက်နေ့အထိ အချိန်တိုးမြှင့် ခွင့်ပြု သွားမည်ဟု အမေရိကန် အကောက်အခွန်နှင့် နယ်စပ်အကာအကွယ်ပေးရေးမှပြောကြားခဲ့ကြောင်း၊ အမေရိကန်သမ္မတထရန့်၏ အမိန့်ညွှန်ကြားချက်မှာ ဟောင်ကောင်ဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အခွင့်အရေးအရ ဟောင်ကောင်ဒေသထုတ်ကုန်ပစ္စည်း( Made in Hong Kong) တံဆိပ်အား Made in China အဖြစ်ပြောင်းလဲ၍ တံဆိပ်ကပ်ရခြင်းမှာ တရုတ်နိုင်ငံ၏ မြို့တစ်မြို့ကဲ့သို့ ဆောင်ရွက်ရာ ရောက်ကြောင်း၊ ဟောင်ကောင်ဒေသ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကောက် အခွန် သီးသန့်ကောက်ခံမှု အထူးအခွင့်အရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ဟောင်ကောင် ဒေသအစိုးရသည် အမေရိကန်ရှိ ဟောင်ကောင်စီးပွားရေးနှင့်ကုန်သွယ်ရေးရုံးမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံသည် ဟောင်ကောင်ကုန်အမှတ်တံဆိပ်များအား ပျောက်ကွယ် သွားအောင် ဆောင်ရွက်သကဲ့သို့ဖြစ်ပြီး တရားမျှတမှုမရှိကြောင်း၊ သို့သော် ဟောင်ကောင်ဒေသ ထုတ်ကုန်ပစ္စည်းများမှာ ၂၀၁၈ ခုနှစ် တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ စတင်ကတည်းက ကောက်ခံသည့် တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများအပေါ် ကောက်ခံသည့် အခွန်များ ပေးဆောင်ရမည်မဟုတ်ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသထုတ်ကုန်ပစ္စည်းများအား ကြေညာရန် ဇဝေဇဝါ ဖြစ်နေကြောင်း၊ အမေရိကန်ဒေါ်လာ (၄၇၁) မီလီယံတန်ဖိုးရှိ ဟောင်ကောင်ဒေသထုတ် ကုန်ပစ္စည်းများဖြစ်သည့် ကျောက်မျက်လက်ဝတ်ရတနာများ၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများအား ၂၀၁၉ ခုနှစ်တွင် တင်ပို့ခဲ့ကြောင်း၊ ဟောင်ကောင် လုပ်ငန်းများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ နည်းဗျူဟာနှင့်ကမ္ဘာ့ကပ်ရောဂါ COVID-19 အားခံနိုင်ရည်ရှိရန် ဒစ်ဂျစ်တယ်လ်စနစ်ဖြင့် ပြောင်းလဲလုပ်ကိုင်လာကြောင်း၊ ဘဏ်များမှလည်း ငွေကြေးကဏ္ဍဝန်ထုပ်ဝန်ပိုးများ လျော့ပါးစေရန် အတိုးနှုန်းများလျှော့ချခြင်းနှင့် ထုတ်ချေးပေးထားသော ဟောင်ကောင်ဒေါ်လာ (၁၅၀) မီလီယံ ပြန်လည်ပေးသွင်းရန် ရက်ရွှေ့ဆိုင်းပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denis Tsang နှင့် Jack Lau တို့က “ Exporters get more time for ‘Made in China’ switch” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe နုတ်ထွက်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပြီးနောက် ဂျပန်ဗဟိုဘဏ်၏ မူဝါဒရေးရာများကို ပိုမိုအာရုံစိုက်လာခဲ့ကြောင်းသိရ

ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe ရာထူးကနေ နုတ်ထွက်မည်ဖြစ်ကြောင်းကြေငြာခဲ့သည့် ဩဂုတ်လ ၂၈ ရက်နေ့ (သောကြာနေ့) နောက်ပိုင်း ဂျပန်ဗဟိုဘဏ်သည် ၎င်း၏ ငွေကြေးဖြေလျှော့မှုဆိုင်ရာမူဝါဒများကို ဆက်လက်ထိန်းသိမ်းခြင်း ရှိ/မရှိနှင့်ပတ်သက်၍ စီးပွားရေး ဈေးကွက်မှ လူအများက စိတ်ဝင်တစားစောင့်ကြည့်နေကြကြောင်း သိရပါသည်။ ဝန်ကြီးချုပ် Mr. Abe က ရွေးချယ်ခန့်အပ်ခဲ့သည့် ဂျပန်ဗဟိုဘဏ် အကြီးအကဲ Mr. Kuroda Haruhiko သည် ၂၀၁၃ ခုနှစ်၊ မတ်လမှစတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ကြီးမားသော ငွေကြေးဖြေလျှော့ရေးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခဲ့ပါသည်။

Abenomics အမည်ရသည့် စီးပွားရေးမူဝါဒများနှင့် ကိုက်ညီမှုရှိစေရန် ဂျပန်ဗဟိုဘဏ်က ငွေကြေးဆိုင်ရာ မူဝါဒတွေကို ဖြေလျှော့ပေးခဲ့ပါသည်။ အဆိုပါမူဝါဒများကြောင့် ဂျပန်ယန်းတန်ဖိုး ကျဆင်းခဲ့ပြီး နိုင်ငံခြားပို့ကုန်လုပ်ငန်းများ မြင့်တက်လာခဲ့သည့် ရလဒ်များဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းအပြင် နစ်ကေးစတော့ပျမ်းမျှအညွှန်းကိန်း အမှတ်သည်လည်း ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရပါသည်။ ဩဂုတ်လ ၂၈ ရက်နေ့ (သောကြာနေ့) က မစ္စတာ Mr. Abe က ရာထူးကနေ နုတ်ထွက်မည့် ဆုံးဖြတ်ချက်သတင်းထုတ်ပြန်ခဲ့ပြီးနောက် တိုကျိုစတော့ဈေးကွက်တွင် ရှယ်ယာများအား ထုတ်ရောင်းခဲ့ကြသည့်အတွက် နစ်ကေးပျမ်းမျှအညွှန်းကိန်းဟာ ၆၀၀ မှတ် ကျော်ခန့်အထိ ကျဆင်းသွားခဲ့ပါသည်။

ဂျပန်ယန်းတန်ဖိုးလျော့နည်းစေပြီး စတော့တန်ဖိုးတက်စေရန် အထောက်အကူပြုစေသည့် ကြီးမားသောငွေကြေး ဖြေလျှော့ရေးဆိုင်ရာ မူဝါဒပိုင်းဆောင်ရွက်ချက်များကို ဂျပန်ဗဟိုဘဏ်အနေဖြင့် ဆက်လက်ဆောင်ရွက်ခြင်းရှိ/မရှိကို စီးပွားရေး ဈေးကွက်လေ့လာသူများနှင့် ဈေးကွက်တွင်ပါဝင်ပတ်သက်နေသူများက ဂရုတစိုက်စောင့်ကြည့်နေကြခြင်းဖြစ်ပါသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါပြန့်ပွားနေမှုကြောင့် ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့စီးပွားရေး အတန်ပင်ထိခိုက်ခဲ့ရသည့် အတွက် စီးပွားရေးနာလန်ထူမှုကိုကို အထောက်အကူဖြစ်စေမည့် ငွေကြေးမူဝါဒပိုင်း ဖြေလျှော့မှုများကို ဆက်လက်ဆောင်ရွက် သင့်ကြောင်း၊ လာမည့် စက်တင်ဘာ လ ၁၆ ရက်နေ့မှစကာ မူဝါဒဆိုင်ရာဘုတ်အဖွဲ့အစည်းအဝေးကို ၂ ရက်ကြာခန့်ကျင်းပရန် ပြင်ဆင်နေပါကြောင်း ဂျပန်ဗဟိုဘဏ်ကပြောကြားလိုက်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသော်လည်း အီးယူ၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများက ထပ်မံတိုးချဲ့ရန်ဆန္ဒရှိနေ

ထုတ်လုပ်မှုကျဆင်းခြင်း၊ အမှာစာများပယ်ဖျက်ခြင်းနှင့် နိုင်ငံများအကြားနယ်စပ်များ ပိတ်ထားခြင်းတို့နှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကြောင့် စားသောက်ကုန်လုပ်ငန်းသည် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာပြဿနာများကို ရင်ဆိုင် နေရသည်။ သို့ရာတွင် ၁၁-၈-၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့သည့် German Office for Investment Promotion and Technology Transfer (ITPO) ၏လေ့လာမှုအရ ဥရောပ၏ စားသောက်ကုန်လုပ်ငန်းကုမ္ပဏီများသည် နိုင်ငံတကာနှင့်လုပ်ငန်း တိုးချဲ့ရန် စီစဉ်နေကြသည်ဟုဆိုသည်။ လတ်တလောကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားလျက်ရှိနေစေကာမူ ဥရောပလယ်ယာ စိုက်ပျိုးရေးနှင့် အစားအသောက်ကုမ္ပဏီများ၏ ၉၀ ရာခိုင်နှုန်းက လာမည့်တစ်နှစ်မှ သုံးနှစ်အတွင်း လုပ်ငန်းချဲ့ထွင်ရန်ဖြစ်စေ၊ အနည်းဆုံးအနေဖြင့် လက်ရှိဈေးကွက် ကိုထိန်းထားနိုင်ရန်ဖြစ်စေ အစီအစဉ်ရှိကြောင်းသိရသည်။

ဂျာမနီနိုင်ငံ၊ ဈေးကွက်နှင့်မူဝါဒသုတေသနအဖွဲ့အစည်း (German Institute for Market and Policy Research) မှ ဆောင်ရွက်ခဲ့သည့် ယင်းလေ့လာမှုသည် အာဖရိကနှင့်အာရှဒေသတို့နှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် SMEs လုပ်ငန်းများနှင့် ကုမ္ပဏီလုပ်ငန်းကြီးများ အရေ အတွက် (၈၀၀)အား ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေဆဲအခြေအနေ၌ ၎င်းတို့၏ မဟာဗျူဟာများအပေါ် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါလေ့လာမှုစစ်တမ်းအရ ကုမ္ပဏီများ၏ ၄၀ ရာခိုင်နှုန်းမှာ ဥရောပဈေးကွက်တွင် အမှာစာများပယ်ဖျက်ခြင်းနှင့် ထုတ်လုပ်မှုကျဆင်းခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး၊ ယင်းအခြေအနေ ထပ်တလဲလဲဖြစ်ပေါ်မည်ကို စိုးရိမ်မှုရှိကြကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ၏ ၁၀ ရာခိုင်နှုန်းက လုပ်သားလျှော့ချခြင်း၊ ကုမ္ပဏီ လုပ်ငန်းခွဲများပိတ်သိမ်းခြင်း တို့ကို ဆောင်ရွက်ရန် စဉ်းစားကြကြောင်းသိရသည်။

ကာလရှည်မဟာဗျူဟာနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူမှုတွင် လုပ်ငန်းများ၏သုံးပုံနှစ်ပုံက ၎င်းတို့၏ ထုတ်ကုန်ချဲ့ထွင်ရန်နှင့် အနာဂတ်ကာလ အကျပ်အတည်းများအတွက် ကုန်စည်ပံ့ပိုးသူ နှင့်ဝယ်ယူသူဆိုင်ရာအခြေခံများကို ပိုမိုကောင်းမွန်စွာပြင်ဆင်ထားရှိလိုကြောင်း၊ ကုမ္ပဏီလုပ်ငန်း သုံးပုံတစ်ပုံက သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုချဲ့ထွင်ရန် ဆန္ဒရှိကြကြောင်းသိရသည်။ ကာလတိုအစီအမံအနေဖြင့် ကုမ္ပဏီလုပ်ငန်းများ၏ ၅၇ ရာခိုင်နှုန်းသည် လက်ရှိအခြေအနေ၌ ၎င်းတို့၏ ပင်မစီးပွားရေးလုပ်ငန်းများအပေါ် ပိုမိုအာရုံစိုက်လိုကြောင်းပြောကြားသည်။ သို့သော်လည်း လက်ရှိအချိန်တွင် supply chains နှောင့်နှေးမှုများစွာဖြစ်ပေါ်နေစေကာမူ စားသောက်ကုန် လုပ်ငန်းများသည် နိုင်ငံတကာနှင့်လုပ်ငန်းဆောင်ရွက်မှုအပေါ် ဆက်လက်အာရုံစိုက်လိုကြပြီး၊ စစ်တမ်းအရ ကုမ္ပဏီ (၅) ခုလျှင် (၁) ခုကသာ ကာလရှည်တွင် ပြည်တွင်းဈေးကွက်အပေါ် အာရုံ စိုက်မှုကို ယုံကြည်ကြောင်း သိရသည်။

ကမ္ဘာ့စားသောက်ကုန်ထုတ်လုပ်စီးဆင်းမှု စိတ်ချလုံခြုံစေရေးနှင့် လူမှုစီးပွားရေးတည်ငြိမ်မှု သေချာစေရေးတို့အတွက် ဈေးကွက်ဖွင့်လှစ်မှုကို ဆက်လက်ထိန်းထားခြင်းသည် အရေးပါကြောင်း ITPO၏ ဒါရိုက်တာဖြစ်သူ Rolf Steltemeier က ပြောကြားခဲ့သည်။ စားသောက်ကုန်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ ၁၀ ရာခိုင်နှုန်းကို ကိုယ်စား ပြုပြီး၊ လူဦးရေ ၁.၅ ဘီလီယံခန့်ကို အလုပ်အကိုင်ပေးထားကြောင်းသိရသည်။ အာရှနှင့် အာဖရိကဒေသတို့၌ စားသောက် ကုန်ထုတ်လုပ်မှုအားကောင်းစေရန်အတွက် ဒေသတွင်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများက အများဆုံးကူညီပေးနိုင်မည်ဟု

စစ်တမ်းကောက်ယူခဲ့သည့် လုပ်ငန်းများ၏သုံးပုံနှစ်ပုံက ယုံကြည်ကြသည်။ အခြားအရေးပါသောအစီအမံများအနေဖြင့် အစိုးရအထောက်အပံ့အစီအစဉ်များနှင့် စျေးကွက်ဖြေလျှော့ခြင်းတို့ကို ၎င်းတို့က ဖြေကြားခဲ့ကြကြောင်းသိရသည်။

ကပ်ရောဂါစတင်ဖြစ်ပွားချိန်၌ စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးလုပ်ငန်းများအား အကူအညီပေးရန်အတွက် ဥရောပကော်မရှင်က အစီအမံများစွာကို ဆောင်ရွက်ခဲ့သည်။ ၎င်းတို့တွင် လုပ်ငန်းများ၏ လည်ပတ်မှုကုန်ကျစရိတ်အတွက် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေမှ အာမခံပေးခြင်း၊ ချေးငွေထုတ်ချေးပေးခြင်း၊ လယ်သမားများနှင့်စားသောက်ကုန် ဆင့်တက်ပြုပြင်ထုတ်လုပ်သည့်ကုမ္ပဏီများအား တိုက်ရိုက်ငွေကြေးထောက်ပံ့ပေးရန် အီးယူအဖွဲ့ဝင်နိုင်ငံများအားခွင့်ပြုပေးခြင်းစသည်တို့ ပါဝင်ကြောင်းသိရသည်။

**Source: Euractiv**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (31.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st Aug. 2020

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | -100 | -1.01% | 9,800 | 9,900 | 9,800 | 869 | 8,533,100 | 27,112,747 | 265,705 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,650 | 1,206 | 4,430,800 | 38,929,150 | 144,038 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 921 | 7,183,800 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 851 | 18,296,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 665 | 1,795,500 | 12,823,224 | 34,623 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 73 | 226,000 | 19,977,223 | 60,931 |

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 429.83 | -2.50 | -0.58% | 430.50 | 432.33 | 429.20 | 4,585 | 40,465,700 | 6 | 639,574 |

#### Index chart



# Market Overview

As of 1:00 pm, 31st Aug. 2020

| MYANPIX | 429.83 ▼ 2.50 |
|---|---|
| Total Volume (shares) | 4,585 |
| Total Value (MMK) | 40 mil |
| Listed Company | 6 |
| Market Cap. (MMK) | 639,574 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▼ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,050 | ▼ 50 |

TIR